# စက်ယန္တရား၊ စက်ကိရိယာများစသည့်တို့ဖြင့် အလုပ်လုပ်သည့်အခါတွင် သတိပြုရန်

## (၁)ကရိန်းမောင်းနှင်ခြင်းအရည်အချင်း




- လုပ်ရှားကရိန်းမောင်းနှင်ခွင့်လက်မှတ်ရှိသူသာမောင်းနှင်ရန်။
- လုပ်ရှားကရိန်းလုပ်ငန်းတွင်၊ကရိန်းဖြင့်ဝန်တင်ခြင်းကျွမ်းကျင်သူဖြစ်ကြောင်းသေချာပါစေ။

| | လိုင်စင် | ကျွမ်းကျင်မှုသင်တန်း | အထူးပညာရေး |
|---|---|---|---|
| ၅တန်အထက်ဝန်တင်ကရိန်းမောင်းနှင်မှု | ○ | | |
| ၅တန်အောက်ဝန်တင်ကရိန်းမောင်းနှင်မှု | ○ | ○ | |
| ၁တန်အောက်ဝန်တင်ကရိန်းမောင်းနှင်မှု | ○ | ○ | ○ |

## (၂)ကရိန်းလုပ်ငန်း၊ဝန်အောက်ဝင်ရောက်ခြင်းတားမြစ်ခြင်း




**လိုက်နာရန်အချက်**

① ၁။ပစ္စည်းသည်ခေါင်းပေါ် ဖြတ်မည်ဆိုပါက၊လုပ်လက်စအလုပ်ကိုရပ်၍ပစ္စည်းတည်နေရာကိုစစ်ဆေးပါ။

② ၂။အသံပေးခြင်း၊ဝီစီမှုတ်ခြင်းများဖြင့်ဝန်အောက်လူမရောက်စေရန်တားမြစ်ပါ။

③ ၃။မဝင်ရဆိုင်းဘုတ်များပြုလုပ်၍အလုပ်ခွင်တွင်းဝင်ရောက်ခြင်းအားတားမြစ်ပါ။

# (၃)လောက်လွဲကရိန်းအားလုပ်ဆောင်ခွင့်လက်မှတ်ရှိသူဖြစ်ရမည်။


労働安全衛生法による技能講習修了証

修了証番号　第 386940 号
氏　名　東基連　太郎
生年月日　昭和55年 5月 5日
交付日　令和 2年 2月21日

| ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ | ◎ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 鉛 | 特定化学 | 有機溶剤 | 酸欠硫化 | プレス | 乾燥設備 | 木材加工 | はい作業 | 玉掛け | フォーク | [illegible] | [illegible] | 高所作業 | 特化四鉛 | 石綿主任 |

※詳細は裏面
公益社団法人 東京労働基準協会連合会長 印
電話　03-1234-5678



**လိုက်နာရန်အချက်**

① ၁။လောက်လွဲအလုပ်သည်၊ယေဘုယျအားဖြင့်ကျွမ်းကျင်မှုသင်တန်းပြီးမြောက်ထားသူသာလုပ်ဆောင်ခွင့်ရှိသည်။

② ၂။လောက်လွဲကရိန်းလုပ်ငန်းတွင်ကျွမ်းကျင်မှုသင်တန်းလက်မှတ်အားအမြဲကိုင်ဆောင်ထားရန်။

## (၄) အောက်ဖော်ပြပါကြိုးများကိုအသုံးမပြုရ။




အောက်ဖော်ပြပါကြိုးများကိုအသုံးပြုခြင်းရှောင်ကြဉ်ပါ။

① ၁။ပြင်းထန်စွာကြေမွနေသောကြိုး

② ၂။ပုံမှန်ကြိုးလုံးပတ်၏အချင်းထက်၇% လျော့နေသောကြိုး

③ ၃။လိမ်ကောက်နေသောကြိုး

④ ၄။တစ်ခုနှင့်တစ်ခုကြား၁၀%ထက်ပို၍ပျက်စီးနေသောကြိုး

⑤ ၅။ချည်ထုံးထားသောနေရာသည်လျော့ရွဲနေသောကြိုး

⑥ ၆။ဖိအားဒဏ်ခံနိုင်ရန်ထုံးထားသောနေရာ၌ကြိုးများပျက်စီးနေမှု

# (၅) အမြင့်လုပ်ငန်းယာဥ်ဖြင့်အလုပ်လုပ်စဥ်သတိပြုရန်



## လိုက်နာရန်အချက်

① ၁။အလုပ်ကြမ်းပြင်အမြင့်အားစစ်ဆေး၍၊ရွေ့လျားမှုပြုပါကအောက်အထိချပြီးမှလုပ်ဆောင်ရန်။

② ၂။ ကျဆုံးခြင်းကာကွယ်ရေးကိရိယာများ (ဘေးကင်းလုံခြုံရေးခါးပတ်) ကိုသေချာစွာအသုံးပြုရန်။

# (၆)အမြင့်လုပ်ငန်းယာဉ်ပေါ်တွင်မဆင်မခြင်အနေအထားဖြင့်မလုပ်ရ။



## လိုက်နာရန်အချက်

① ၁။အမြင့်လုပ်ငန်းယာဉ်ပေါ်တွင်ကျိုးကြောင်းဆီလျော်ခြင်းမရှိသောအလုပ်များမလုပ်ရ။

② ၂။ထိန်းချုပ်မှုလီဗာ၏တည်နေရာကိုသေချာစစ်ဆေးပြီးရင်းကိုမထိရန်သတိပြုပါ။

# (၇)ကြိတ်ဘီးလဲလှယ်ပြီးအစမ်းမောင်းနှင်ခြင်းနှင့်အထူးပညာရပ်။



## လိုက်နာရန်အချက်

① ၁။ကြိတ်ဘီးများအစားထိုးခြင်းနှင့်အစားထိုးသည့်အချိန်တွင်အသုံးပြုခွင့်ကိုကျန်းမာရေးနှင့်ဘေးကင်းရေးအထူးပညာရေးရရှိထားသူများကလုပ်ဆောင်ရမည်။

② ၂။ကြိတ်ဘီးအသုံးမပြုမီစမ်းသပ်မောင်းနှင်ခြင်းလုပ်ဆောင်ပါ။

i အလုပ်မစတင်မီ ၁ မိနစ်နှင့်အထက်

ii ကြိတ်ဘီးကိုပြောင်းသောအခါ ၃ မိနစ်နှင့်အထက်

③ ၃။ကြိတ်ဘီးပေါ်တွင်ဖော်ပြထားသောအမြင့်ဆုံးအမြန်နှုန်းနှင့်အတိုင်းအတာစသည်တို့ကိုလိုက်နာ၍လုပ်ဆောင်ပါ။

④ ၄။ရာဘာလက်အိတ်မသုံးရ။

# (၈)ကြိတ်စက်အသုံးပြုစဉ်ကာကွယ်ရေးပစ္စည်းများဝတ်ဆင်ပါ။




## လိုက်နာရန်အချက်

① ၁။ ဘေးကင်းလုံခြုံရေးမျက်မှန်ကိုသုံးပါ

② ၂။ ဖုန်ထူသောအလုပ်အတွက်ဖုန်မှုန့်ကာမျက်နှာဖုံးကိုသုံးပါ။

③ ၃။ဆူညံသောပတ်ဝန်းကျင်တွင်အလုပ်လုပ်စဉ်နားကိုကာကွယ်ရန်နားကြပ်တပ်ဆင်ပါ။


2020.3